# “ဘယ်သူ့ကိုမဆို ရေတွက်စို့”
# ထိုင်းနိုင်ငံ၏ ၂၀၁၀
# လူဦးရေနှင့်အိုးအိမ်သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာသတင်းလွှာ

ထိုင်းနိုင်ငံ၏ (၁၁)ကြိမ်မြောက် လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၁၀–ခုနှစ်၊ စက်တင်ဘာလတွင်ပြုလုပ်မည်ဖြစ်ပါသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသူအားလုံး တစ်ယောက်မကျန်ထံမှ လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များနှင့် ပြန့်နှံ့နေထိုင်မှုကို ကောက်ယူစာရင်းပြုစုမည် ဖြစ်ပါသည်။ လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံတစ်ခုတွင် မှီတင်းနေထိုင်သူအားလုံး ကို သတ်မှတ်ထားသည့်ရက်၌ ရေတွက်ကောက်ယူစာရင်းပြုစုသောနည်းစနစ်ဖြစ်ပါသည်။

သန်းခေါင်စာရင်းဆိုသည်မှာ

- ဘာလဲ : ထိုင်းနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသူအားလုံး၏လူဦးရေဆိုင်ရာသတင်းအချက်အလက်များကောက်ယူခြင်း
- မည်သူတွေကိုကောက်မှာလဲ : ထိုင်းနိုင်ငံအတွင်း မှီတင်းနေထိုင်သော နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သူများအားလုံး အောက်ပါအချက် အလက်များနှင့် ကိုက်ညီသူများအား သန်းခေါင်စာရင်း ကောက်ယူရမည်ဖြစ်ပါသည်။
  - ➢ သန်းခေါင်စာရင်းကောက်ယူမည့် ၂၀၁၀ စက်တင်ဘာလ(၁)ရက်နေ့တွင် ထိုင်းနိုင်ငံ အတွင်းနေထိုင်လျက်ရှိသည့် ထိုင်းလူမျိုးများအားလုံး
  - ➢ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် သံတမန်တာဝန်ထမ်းဆောင်လျက်ရှိသော ထိုင်းအစိုးရ အရာရှိ၊ အရာခံဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များအားလုံး
  - ➢ အခြားနိုင်ငံများမှလာရောက်တာဝန်ထမ်းဆောင်လျက်ရှိသော သံတမန်ဝန်ထမ်းများနှင့် မိသားစုများမှအပ သန်းခေါင်စာရင်းကောက်ယူမည့်နေ့ရက်မတိုင်မီ အနည်းဆုံး(၃)လ နေထိုင်လျက်ရှိသော နိုင်ငံခြားသားများ(သို့)ထိုင်းလူမျိုးမဟုတ်သူများအားလုံး
  - ➢ ထိုင်းနိုင်ငံတွင်နေထိုင်သော်လည်းသန်းခေါင်စာရင်းကောက်မည့် စက်တင်ဘာလ(၁)ရက်နေ့ တွင် နိုင်ငံရပ်ခြားသို့ ခေတ္တရောက်ရှိနေသော ထိုင်းလူမျိုးများ၊ ထိုင်းလူမျိုးမဟုတ်သူများ အားလုံး၊ ထိုင်းနိုင်ငံတွင်နေထိုင်လျက်ရှိသော နိုင်ငံခြားသားများအားလုံး
- ဘယ်တော့လဲ : သန်းခေါင်စာရင်းကောက်ယူမည့်ရက်ကို ၂၀၁၀–ခုနှစ်၊ စက်တင် ဘာလ(၁)ရက်ဟု သတ်မှတ်ထားပါသည်။ ၂၀၁၀–ခုနှစ်၊ စက်တင်ဘာ(၁)ရက် မှ(၃၀)ရက်အတွင်း အမျိုးသားစာရင်းဌာနမှ သန်းခေါင်စာရင်း ကောက်ယူသူ များက သင်တို့၏ နေအိမ်သို့လာရောက်၍ စာရင်း ကောက်ယူမည်ဖြစ်ပါသည်။
- ဘယ်လိုကောက်မှာလဲ : အောက်ပါနည်းလမ်း(၄)သွယ်ဖြင့် လူဦးရေသန်းခေါင် စာရင်းနှင့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက် များကိုစုစည်း ကောက်ယူမည်ဖြစ်ပါသည်။
  - ➢ အမျိုးသားစာရင်းအင်းဌာန၏ကြီးကြပ်မှုဖြင့် သန်းခေါင်စာရင်းကောက်ယူသူ ၇၀,၀၀၀ ကျော်က အိမ်တိုင်ရာရောက်တွေ့ဆုံမေးမြန်းခြင်း
  - ➢ အင်တာနက်မှတဆင့် ပုံစံကိုဖြည့်စွက်ပြီး ပြန်လည်ပေးပို့ခြင်း (http://popcensus.nso.go.th or www.nso.go.th) (ဤလုပ်ငန်းစဉ်ကိုမြို့များနှင့်မြူနီစီပယ်ဧရိယာများတွင်သာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။)
  - ➢ ကိုယ်တိုင်ကိုယ်ကျမေးခွန်းများကိုဖြည့်သွင်းခြင်း
  - ➢ တယ်လီဖုန်းအမှတ် ‘၁၁၁၁’ လိုင်းခွဲ ‘၆’ ဖြင့် အင်တာဗျူးခြင်းကိုဖြေကြားခြင်း
- အဘယ်ကြောင့်ကောက်ယူရသနည်း : ယခုကောက်ယူသောလူဦးရေသန်းခေါင်စာရင်းမှာ ထိုင်း နိုင်ငံအတွင်း မှီတင်းနေထိုင်သူ တဦးချင်းစီ၏ သတင်း အချက်အလက်များကို နေရာအလိုက် ကောက်ယူခြင်း ဖြစ်သည်။

ဤသန်းခေါင်စာရင်းမှ လူဦးရေအရေအတွက်များ၊ လူဦးရေပုံ့နှံ့မှုများနှင့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များ(ကျား/မ၊ ကလေး၊ လူကြီး၊ နိုင်ငံခြားသား၊ ပြောင်းရွှေ့လုပ်သားများ၊ မသန်မစွမ်းသူများ)ကိုရရှိမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံအတွင်း မှီတင်းနေထိုင်သူတို့၏ ပညာရေး၊ အိမ်ထောင်ရေးအခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လက်ရှိအလုပ်အကိုင်၊ အလုပ်အကိုင်ရွှေ့ ပြောင်းသွားလာနေထိုင်မှုနှင့် အိုးအိမ်များ၏အခြေအနေ အဆင့်စသောသတင်း အချက်အလက်များကို လည်းရရှိမည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းနှင့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များသည် နိုင်ငံတော်၊ ပြည်နယ်၊ မြူနီစီပယ်ဧရိယာ၊ မြို့နယ်၊ ကျေးရွာအဆင့်ဆင့် စသည့်ဒေသအသီးသီးအတွက် မူဝါဒများ ချမှတ်ခြင်းနှင့် စီမံကိန်းအစီအစဉ်များရေးဆွဲခြင်းတို့တွင် များစွာအသုံးဝင်ပါသည်။ ထို့အပြင် သန်း ခေါင်စာရင်းနှင့် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များသည် အနာဂါတ်လူဦးရေခန့်မှန်းချက်များ တွက်ချက်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ တဖန် လူဦးရေကိန်းဂဏန်း အချက်အလက် များသည် နောက်တစ်ကြိမ်သန်းခေါင်စာရင်းမကောက်ယူမီ ကြားကာလများ၌ ပြုလုပ်လေ့ရှိသည့် စစ်တမ်းများအတွက် နမူနာဒေသရွေးချယ်ရာတွင် အခြေခံအချက်အလက်အဖြစ် ရွေးချယ်နိုင်ပါသည်။

**ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးနီးပါးလူဦးရေသန်းခေါင်စာရင်းကိုကောက်ယူကြပါသည်။**

ကုလသမဂ္ဂ၏ ထောက်ခံအကြံပြုချက်နှင့်အညီ ကမ္ဘာတဝှမ်းလုံးမှ (၂၃၂) နိုင်ငံတို့သည် လူဦး ရေသန်ခေါင်စာရင်းကို (၁၀)နှစ် (သို့) (၅)နှစ် တကြိမ် ကောက်ယူလေ့ရှိပါသည်။ ထိုင်းနိုင်ငံသည် လည်း (၁၀)နှစ် တကြိမ် ကောက်ယူပါသည်။ ၂၀၁၀ ခုနှစ်၌ နိုင်ငံပေါင်း (၆၂)နိုင်ငံတို့တွင် လူဦးရေသန်းခေါင်စာရင်းများ ကောက်ယူကြမည်ဖြစ်သည်။

**ယခုနှစ်သည်ထိုင်းနိုင်ငံ၏သန်းခေါင်စာရင်းကောက်ယူမှု နှစ်(၁၀၀)ပြည့်နှစ်ဖြစ်ပါသည်။**

ထိုင်းနိုင်ငံ၏ပထမဦးဆုံး အမျိုးသားမှတ်ပုံတင်ခြင်းနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူ ခြင်းသည် Rama V ဘုရင်မင်းမြတ်လက်ထက် ၁၉၀၉-၁၉၁၀ တွင်စတင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၀ ခုနှစ်သန်းခေါင်စာရင်းသည် Rama IX ဘုရင်မင်းမြတ်လက်ထက်တွင် နှစ်(၁၀၀)ပြည့် အထိမ်း အမှတ်အဖြစ် သတ်မှတ်နိုင်ပါသည်။

**လူဦးရေနှင့်အိုးအိမ်သန်းခေါင်စာရင်းတွင်မည်သည့်မေးခွန်းများကိုမေးမည်နည်း။**

ထိုင်းနိုင်ငံအတွင်းနေထိုင်သူအားလုံး မည်သူ့ကို မဆို သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်း မည်ဖြစ်သည်။

- ထိုင်းနိုင်ငံတွင်တရားဝင်နေထိုင်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ
- ထိုင်းဘာသာစကားပြောတတ်သည်ဖြစ်စေ၊ မပြောတတ်သည်ဖြစ်စေ
- လက်ရှိနေထိုင်ရာ အရပ်ရှိ အိမ်ထောင်စုတွင် မှတ်ပုံတင်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ

အသေးစိတ်မေးခွန်းများတွင် အသက်၊ကျား/မ၊ လူမျိုး၊ ဘာသာ၊ ပညာအရည်အချင်း၊ ဘာသာ စကားပြောကြားမှု၊ အလုပ်အကိုင်၊ မွေးရပ်ဇာတိ၊ အိမ်ထောင်ရေအခြေအနေ၊ အမျိုးသမီးများ၏ ဘဝတလျှောက် သားသမီးမွေးဖွားမှုနှင့် သေဆုံးစာရင်းအရေအတွက်၊ မသန်စွမ်းမှု အခြေအနေ၊ ရွှေ့ပြောင်းသွားလာ နေထိုင်မှု၊ အိမ်ထောင်စုတွင် မှတ်ပုံတင်ထားခြင်း ရှိ-မရှိ၊ နေအိမ် နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ သောက်သုံးရေရရှိမှုအခြေအနေ၊ အခြေခံလူသုံးနှင့် အိမ်သုံးပစ္စည်းပိုင်ဆိုင်မှု အခြေအနေ စသည့် အချက်အလက်များပါဝင်သည်။

ဝင်ငွေနှင့်တရားဝင်နေထိုင်နိုင်ခွင့် ရှိ- မရှိ အခြေအနေများကို မေးမြန်းမည်မဟုတ်ပါ။

**၂၀၁၀ ခုနှစ် လူဦးရေသန်းခေါင်စာရင်း၏အဓိကအရေးကြီးသောအချက်အလက်များ**

၂၀၀၇ စာရင်းအင်းအက်ဥပဒေပုဒ်မ(၁၈)အရ သန်းခေါင်စာရင်းနှင့် လူဦးရေဆိုင်ရာသတင်း အချက်အလက်များကို အမျိုးသားစာရင်းအင်းဌာနသို့ ဖြည့်ဆည်းပေးရန်မှာ လူတိုင်း ၏တာဝန်ပင်ဖြစ်သည်။ အမျိုးသားစာရင်းအင်းဌာနသည်လည်း ကောက်ယူစုစည်းရရှိသော သတင်း အချက်အလက်များကို ပြင်ပသို့ပေါက်ကြားမှုမရှိစေဘဲ လို့ဝှက်သိမ်းဆည်းထားရှိကာ မည်သည့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများကိုမျှ သတင်းပေးမည်မဟုတ်ကြောင်း တာဝန်ယူရမည်ဖြစ်သည်။

လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းသည် အခွန်စည်းကြပ်ခြင်းနှင့် တရားမဝင် နေထိုင်ခြင်းကိစ္စရပ်များနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါ။

**"၂၀၁၀-ခုနှစ်၊ စက်တင်ဘာလ(၁)ရက်မှ(၃၀)ရက်အတွင်း**
**လူဦးရေနှင့်အိုးအိမ်သန်းခေါင်စာရင်းကောက်ယူမှုတွင်ကိုယ်တိုင်ကိုယ်ကျပါဝင်ဆင်နွှဲကြပါ။"**
**ပိုမိုသိရှိလိုပါ ဤ website : www.nso.go.th (သို့) http://popcensus.nso.go.th သို့သွားပါ။**